

# ပရမတ္ထ ဆုတောင်း

ဂေါ်သစ္စ

(၁)
လူတွေမှာ
အမြင့်မြတ်ဆုံး ကိုးကွယ်ရာ
"ဘုရား"။

(၂)
ဘုရားတွေထဲ မှ သည်
ထေရဝါဒ ဗုဒ္ဓ ဘာသာ
ထွန်းကားရာ ဗမာပြည်မှာ
စိန်ဖူးကိုမှ
စစ်ဖိနပ်ဖြင့် နင်းခြေ
ကြိတ်သူများ
စစ်တပ်က မွေးဖွားပေးလိုက်ပြီ။

(၃)
ဗိုလ်ချုပ်ပေးတဲ့ စစ်ပညာ
ဘာသာတရားကို စော်ကားဖို့ မဟုတ်။
လူ့ကျင့်ဝတ်
လူ့ဂုဏ်သိက္ခာ
လူ့ယဉ်ကျေးမှု တံတိုင်းကို
ဖျက်ဆီးသူများ
ထာဝရ ကျဆုံးပါစေ။ ။

ဒီဇင်ဘာ / ၁၆ / ၀၇